# သမတအိမ်တော်၊ ရန်ကုန်မြို့

# ၁၉၅၂ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ။

**[၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၃။]**

**၁၃၁၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်။**

**(၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန် ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

## ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့်နှစ်အတွက်နောက်ထပ်ဘဏ္ဍာတော် ငွေခွဲဝေသုံးစွဲခြင်း။

၁။ ။ (၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၁၁,၂၅,၆၆,၇၉၀ (ဤအက်ဥပဒေဇယားတွင် ဖေါ်ပြထားသည်)ကိုထုတ်၍၊ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာအသုံးစရိတ်များနှင့်ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၇) အရခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

## ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့်နှစ်အတွက်ငွေချေးယူခြင်း။

၂။ ။ (၁) ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့်နှစ်အတွင်း၊ စုစုပေါင်းကျပ်ငွေ ၂,၇၆,၅၂,၀၀၀ ထက်မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရငွေချေးစာချုပ်များ ထုတ်ပေး ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်ကလည်း၊ ထိုနှစ်အတွင်း ထိုငွေများကိုဘဏ္ဍာရေးဝန်ကြီးအား ထုတ်ချေးရမည်။ ထိုကဲ့သို့ ငွေချေးသောကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည် မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များ ထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရ ထုတ်ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သောငွေရင်းနှင့် အတိုးကို၎င်း၊ ဤအာမခံစာချုပ်များထုတ်ပေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည်ထောင် စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့်ငွေချေးယူခြင်းသည်၊ ၁၉၅၁ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၅)အရ ခွင့်ပြုထားသည့်ငွေချေးယူခြင်းအပြင်၊ နောက်ထပ် ငွေချေးယူခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

## ဇယား

**[ပုဒ်မ ၁(၁) ကိုကြည့်]**

| အစိုးရဌာန | | | ခွဲဝေသုံးစွဲသည့်ငွေ |
|---|---|---|---|
| | | | ကျပ် |
| အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော် | ... | ... | ၅,၁၉,၀၀၀ |
| အမြတ်တော်ခွန် ... | ... | ... | ၇၄,၀၀၀ |
| မြန်မာနိုင်ငံတော်အောင်ဘာလေသိန်းဆု | ... | ... | ၁၂,၅၀၀ |

| | |
|---|---|
| ယစ်မျိုး | ၆,၉၄,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း | ၁,၄၅,၀၀၀ |
| အတိုးနှင့်ကြွေးမြီ | ၂၁,၀၉,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | ၂၁,၈၇,၈၂၀ |
| စာရင်းစစ် | ၃၄,၅၂၀ |
| တရားရေး | ၁,၄၃,၃၇၀ |
| ရဲအဖွဲ့ | ၇,၉၅,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များ | ၁၇,၄၆,၇၈၀ |
| သာသနာရေးကိစ္စများ | ၁,၇၁,၃၈၀ |
| ပညာရေး | ၁၆၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး | ၄၄,၀၈,၁၃၀ |
| စက်မှုလက်မှုအလုပ်အကိုင်များ | ၃,၂၀,၆၃၀ |
| လေကြောင်းပျံသန်းသွားလာမှု | ၄,၆၀,၀၀၀ |
| အထွေထွေဌာနများ | ၄၃,၈၈,၇၇၀ |
| ပင်ရှင်လစာငွေများ | ၁၁,၅၀,၄၈၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း | ၁၃,၂၀,၀၀၀ |
| အထွေထွေ | ၁,၀၁,၆၇,၉၇၀ |
| ကာကွယ်ရေး | ၁၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီတင်ရှိသည့်ကြွေးမြီတာဝန်များ | ၁၂,၇၈,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်းအတွက် မ,တည်ငွေရင်း | ၂၀ |
| ရဲအဖွဲ့အတွက် မ,တည်ငွေရင်း | ၁,၇၅,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များအတွက် မ,တည်ငွေရင်း | ၅,၂၆,၁၂၀ |
| နိုင်ငံခြားရေးအတွက် မ,တည်ငွေရင်း | ၄,၃၉,၃၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း | ၁၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း | ၆,၅၃,၅၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း | ၁,၅၈,၂၄၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း | ၄၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း | ၄၀ |
| စီမံကိန်းအဖွဲ့များ၊ မြန်မာနိုင်ငံတော် မီးရထားအဖွဲ့နှင့် အခြားပြည်သူ့အကျိုးဖြစ် လုပ်ငန်းများသို့ ချေးငွေများ | ၆,၅၈,၀၀,၀၀၀ |
| အတိုးရသည့်ကြိုတင်ထုတ်ပေးငွေများနှင့်အတိုးမရသည့် ကြိုတင် ထုတ်ပေးငွေများ | ၁,၂၆,၈၈,၀၀၀ |

| | | |
|---|---|---|
| ပေါင်း | ... | ၁၁,၂၅,၆၆,၇၉၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**ဦးဘဦး၊**
**နိုင်ငံတော်သမတ၊**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်။**

**ရန်ကုန်မြို့၊ ၁၃၁၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်။**
**(၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်။)**

**အမိန့်အရ၊**
**ပါစိန်၊**
**နိုင်ငံတော်သမတ၏အတွင်းဝန်။**
**[အမှတ် ၆၂]**